# ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၂၃ – ဧပြီလ ၂၀၁၄

*ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် နောက်ဆုံးထုတ်ပြန်ထားသော ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ မူဝါဒများအပါအဝင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်သည့် သက်တမ်း ၄ နှစ်ပြည့်ပြီးသော ရွှေ့ပြောင်းလုပ်သားများအတွက် ယာယီနေထိုင်ခွင့်ပြုပေးခြင်းနှင့် ပတ်သက်သည့် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်၊ အလုပ်လုပ်ကိုင်သည့်သက်တမ်း ၄ နှစ်ပြည့်ရန် နီးကပ်နေပြီဖြစ်သော မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် ဗီဇာသက်တမ်းတိုးမြှင့်နိုင်ရန် တစ်နေရာတည်းတွင် လုပ်ငန်းအစမှအဆုံး ဆောင်ရွက်နိုင်သောဌာန(OSSCs)များ ဖွင့်လှစ်ခြင်းနှင့် နောက်ဆုံးရယူထားသော ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းလုပ်သား အရေအတွက် စာရင်းဇယားများ ပါဝင်သည်။*

## ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်သည့် သက်တမ်း ၄နှစ် ပြည့်ပြီးသော ရွှေ့ပြောင်းလုပ်သားများနှင့် သက်ဆိုင်သည့်အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်

ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်သည့်သက်တမ်း ၄နှစ်ပြည့်ပြီးသော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား ရွှေ့ပြောင်းလုပ်သားများအား ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်ခွင့်ပြုပေးရန်နှင့် ရက်ပေါင်း ၁၈၀ ဆက်လက်၍ အလုပ်လုပ်ကိုင်ခွင့်ပြုပေးရန် အစိုးရအဖွဲ့မှ ဆုံးဖြတ်ချက်တစ်ရပ် ၂၀၁၄ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ချမှတ်ခဲ့သည်။ အလုပ်လုပ်ကိုင်သည့်သက်တမ်း ၄နှစ်ပြည့်ပြီးသော ရွှေ့ပြောင်းလုပ်သားများရင်ဆိုင်နေရသည့်ပြဿနာကို ဖြေရှင်းနိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှ တင်ပြထားသော လမ်းညွှန်ချက်များကို အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်က အတည်ပြုပေးခဲ့သည်။ အဆိုပါလမ်းညွှန်ချက်များအရ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်သည်–

### ပြည်ထဲရေးဝန်ကြီးဌာန

- ရွှေ့ပြောင်းလုပ်သားများအား ထိုင်းနိုင်ငံအတွင်း ရက်ပေါင်း ၁၈၀ နေထိုင်ရန် ခွင့်ပြုသည့် ကြေငြာချက်တစ်ရပ် ထုတ်ပြန်ပေးမည်။ ထိုကြေငြာချက်အား အစိုးရအဖွဲ့၏ဆုံးဖြတ်ချက် ချမှတ်ပြီးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ထုတ်ပြန်ပေးမည်။
- ရက်လွန်နေထိုင်မှု ပြစ်ဒဏ်များမှ (လူဝင်မှုကြီးကြပ်ရေးဥပဒေ အခန်း ၈၁ အရ ဒဏ်ငွေထမ်းဆောင်စေခြင်းနှင့် အကျဉ်းချထားခြင်းမှ) လွတ်ငြိမ်းခွင့်ပြုရန် ကြေငြာချက်ထုတ်ပြန်မည်။ ထိုကြေငြာချက်အား အစိုးရအဖွဲ့၏ဆုံးဖြတ်ချက် ချမှတ်ပြီးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ထုတ်ပြန်ပေးမည်။

### နိုင်ငံခြားရေးဝန်ကြီးဌာန

- လူဝင်မှုကြီးကြပ်ရေးဗျူရိုသို့ ဗီဇာထုတ်ပေးနိုင်ရန် လုပ်ပိုင်ခွင့်လွှဲအပ်ပေးမည်။

လူဝင်မှုကြီးကြပ်ရေးဗျူရို

- ရွှေ့ပြောင်းလုပ်သားများအား ဗီဇာ (non-immigrant L-A) ထုတ်ပေးသွားမည်။ ဗီဇာသက်တမ်းအား နိုင်ငံကူးလက်မှတ်၊ ယာယီနိုင်ငံကူးလက်မှတ်နှင့် သက်သေခံလက်မှတ်တို့၏ တရားဝင်ဖြစ်သည့် ကျန်ရှိနေသေးသော သက်တမ်းတို့အပေါ်မူတည်၍ ခွင့်ပြုပေးသွားမည်။

- ဗီဇာကြေးအတွက် ထိုင်းဘတ်ငွေ ၅၀၀ ကောက်ခံမည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန

- လူမှုဖူလုံရေးအစီအစဉ်တွင် အကျုံးမဝင်သော ရွှေ့ပြောင်းလုပ်သားများအတွက် ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေးအာမခံ ထောက်ပံ့ပေးခြင်းတို့ကို လုပ်ဆောင်ပေးမည်။

အလုပ်သမားဝန်ကြီးဌာန

*အလုပ်အကိုင်ခန့်ထားရေးဌာန*

- ဗီဇာတံဆိပ်ခေါင်းများနှင့် အလုပ်လုပ်ကိုင်ခွင့်ပြုချက်လက်မှတ် လျှောက်ထားနိုင်ရန် အထောက်အကူပေးသည့် တစ်နေရာတည်းတွင်လုပ်ငန်းအစမှအဆုံး ဆောင်ရွက်ပေးနိုင်သောဌာနများ ဖွင့်လှစ်ပေးမည်။

- ဗီဇာတံဆိပ်ခေါင်းများနှင့် အလုပ်လုပ်ကိုင်ခွင့်ပြုချက်လက်မှတ် လျှောက်ထားနိုင်ရန် တစ်နေရာတည်းတွင် လုပ်ငန်းအစမှအဆုံးဆောင်ရွက်ပေးနိုင်သောဌာနသို့ အကြောင်းကြားပေးနိုင်ရန်အတွက် လုပ်သားလိုအပ်ချက်တောင်းခံစာနှင့် အခြားသက်ဆိုင်သော စာရွက်စာတမ်းများ လက်ခံဆောင်ရွက်ပေးမည်။

- ရွှေ့ပြောင်းလုပ်သားများအား နိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ရန်နှင့် အမ်အိုယူဖြင့် ရွှေ့ပြောင်းလုပ်သားခေါ်ယူခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရန် လုပ်သားလိုအပ်ချက်တောင်းခံစာများကို မူရင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်။

*လူမှုဖူလုံရေးရုံး*

- လူမှုဖူလုံရေးအစီအစဉ်အတွက် အကျုံးဝင်သောအလုပ်သမားများ၏ လျှောက်လွှာများကို လက်ခံပေးမည်။ လူမှုဖူလုံရေးအစီအစဉ်အတွက် အကျုံးမဝင်သေးသော အလုပ်သမားများအတွက် အလုပ်ရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးအာမခံ သို့မဟုတ် သီးသန့်ကျန်းမာရေးအာမခံတို့ကို ရွေးချယ်ဝယ်ယူနိုင်သည်။

ထိုင်းနိုင်ငံတော်ဝင် ရဲတပ်ဖွဲ့နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ

- ၂၀၁၄ ခုနှစ် မတ်လ ၂၅ရက်နေ့မှ စတင်အကျိုးသက်ရောက်သော အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဗီဇာပြုလုပ်ခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားခြင်း ဆောင်ရွက်နေကြသော ရွှေ့ပြောင်းလုပ်သားများနှင့် အလုပ်ရှင်အား ဖိနှိပ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းများ မပြုလုပ်စေရ။

[ဗီဇာသက်တမ်းတိုးရန်အတွက် တစ်နေရာတည်းတွင်လုပ်ငန်းအစမှအဆုံးအထိ ဆောင်ရွက်နိုင်သောဌာနများ]()

**ထိုင်းနိုင်ငံအတွင်း တရားဝင်ဗီဇာနှင့် တရားဝင်ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားဆဲဖြစ်သော်လည်း အလုပ်လုပ်ကိုင်ခွင့်သက်တမ်း ၄နှစ်ပြည့်ရန် နီးကပ်နေပြီဖြစ်သည့် ရွှေ့ပြောင်းလုပ်သားများအတွက်** ဗီဇာ အသစ်ရယူရန်နှင့် ဆက်လက်အလုပ်လုပ်ကိုင်ခွင့်လျှောက်ထားနိုင်ရန် တစ်နေရာတည်းတွင် လုပ်ငန်းအစမှအဆုံးအထိ ဆောင်ရွက်နိုင်သောဌာန ၃၃ ဖွင့်လှစ်ရန် အလုပ်အကိုင်ခန့်ထားရေးဌာနမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကြေငြာချက်ထုတ်ပြန်ပေးခဲ့သည်။ (OSSCs ဌာနများအား မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသော ဌာနများအဖြစ်လည်း ရည်ညွှန်းသည်။)

အလုပ်အကိုင်ခန့်ထားရေးဌာန၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့စွဲပါ ထုတ်ပြန်ချက်တွင် တရားဝင်သက်တမ်း ၂နှစ်အောက်ရှိသော ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် မြန်မာရွှေ့ပြောင်းလုပ်သားများသည် ပုံမှန် နိုင်ငံကူးလက်မှတ် (ယာယီနိုင်ငံကူးလက်မှတ်အစား)ကို ဤလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာအာဏာပိုင် များထံမှ ရရှိနိုင်မည်ဟု ဖော်ပြထားသည်။

ဌာနများကို ၂၀၁၄ ခုနှစ် ဖေဖော်ရီလအလယ်တွင် ချင်းရိုင်၊ တက်ခ်နှင့် ရနောင်းခရိုင်တို့တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ OSSCs ဌာနများ၏ လိပ်စာများမှာအောက်ပါအတိုင်းဖြစ်သည် –

- 100/262 Moo 2, Viengphangkham Sub-District, Mae Sai District, Chiang Rai Province
- 393/2-4 Moo 2, Ta SaiLuat Sub-District, Mae Sot District, Tak Province
- 89/227 Moo 1, Paknam Sub-District, Muang District, Ranong Province

အလုပ်အကိုင်ခန့်ထားရေးဌာန၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့စွဲပါ ထုတ်ပြန်ချက်အရ ဗီဇာသက်တမ်းတိုးရန် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် –

နိုင်ငံခြားသားအလုပ်သမားအုပ်ချုပ်မှုဆိုင်ရာရုံး/ ဘန်ကောက်/ ခရိုင်အလုပ်အကိုင်ခန့်ထားရေးရုံးများသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း
လိုအပ်သော စာရွက်စာတမ်းများ–

၁။ လုပ်သားလိုအပ်ချက်တောင်းခံစာ

၂။ လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းနှင့် အေဂျင်စီလိုင်စင်

၃။ အလုပ်အကိုင်စာချုပ်

၄။ အလုပ်သမားအမည်စာရင်း

၅။ နိုင်ငံခြားသားအလုပ်သမားအတွက် ကိုယ်ရေးအချက်အလက် (မြန်မာပုံစံ)

၆။ ဓါတ်ပုံပါသော ယာယီနိုင်ငံကူးလက်မှတ်နှင့် ဗီဇာတံဆိပ်ခေါင်းစာမျက်နှာ

၇။ အလုပ်ရှင်ကအတည်ပြုပေးသော လုပ်သားခန့်ထားခွင့်ပမာဏ

၈။ အခြား စာရွက်စာတမ်းများ– ဥပမာသက်သေခံလက်မှတ်မိတ္တူ၊ ဥပဒေပညာရှင် ထောက်ခံချက်မိတ္တူ။

၉။ လုပ်ပိုင်ခွင့်လွှဲအပ်ကြောင်းအတည်ပြုစာ –ဥပမာ လုပ်ပိုင်ခွင့်လွှဲစာ၊ သက်သေခံလက်မှတ်မိတ္တူ၊ ဥပဒေပညာရှင် ထောက်ခံချက်မိတ္တူ၊ အလုပ်ရှာဖွေရေးအေဂျင်စီ လိုင်စင်မိတ္တူ၊ အလုပ်ရှာဖွေရေးအေဂျင်စီ ကိုယ်စားလှယ်မိတ္တူ။

→

**ဘန်ကောက်/ ခရိုင်အလုပ်အကိုင်ခန့်ထားရေးရုံးမှစာရွက်စာတမ်းများကို အလုပ်အကိုင်ခန့်ထားရေးဌာနသို့ ပေးပို့သည်။**

↓

**အလုပ်အကိုင်ခန့်ထားရေးဌာနမှ စာရွက်စာတမ်းများကိုမြန်မာအာဏာပိုင်များထံသို့ပေးပို့သည်။**

↓

**မြန်မာအာဏာပိုင်များမှ စာရွက်စာတမ်းများကိုစစ်ဆေးပြီး ထောက်ခံသည့်အမည်စာရင်းအား ထိုင်းအာဏာပိုင်များသို့ပေးပို့သည်။**

↓

**အလုပ်အကိုင်ခန့်ထားရေးဌာနမှအလုပ်သမားများအား <u>OSSC</u>ဌာနတွင် ဆောင်ရွက်နိုင်ရန် အလုပ်ရှင်များသို့အကြောင်းကြားသည်။**

↓

**<u>OSSC ဌာနတွင်လုပ်ဆောင်ရန်</u>**

- **အလုပ်အကိုင်ခန့်ထားရေးဌာနအရာရှိများမှ စာရွက်စာတမ်းများကိုစစ်ဆေးမည်။**
- **ထိုင်းနိုင်ငံလူဝင်မှုကြီးကြပ်ရေးအရာရှိများမှ အလုပ်သမားများအား အထွက်တံဆိပ်ခေါင်း ပြုလုပ်ပေးမည်။**
- **မြန်မာအရာရှိများမှ အဝင်နှင့်အထွက်တံဆိပ်ခေါင်းပြုလုပ်ပေးမည်။**
- **ထိုင်းလူဝင်မှုကြီးကြပ်ရေးအရာရှိများမှ နေထိုင်ခွင့်အတွက် ဗီဇာတံဆိပ်ခေါင်း ပြုလုပ်ပေးမည်။**
- **အလုပ်အကိုင်ခန့်ထားရေးဌာနအရာရှိများမှ အလုပ်လုပ်ကိုင်ခွင့်လျှောက်လွှာလက်ခံပြီး အလုပ်လုပ်ကိုင်ခွင့်ပြုလုပ်ခ ကောက်ခံမည်။**

←

**အလုပ်ရှင်မှ ဘန်ကောက်/ ခရိုင်အလုပ်အကိုင်ခန့်ထားရေးရုံးများတွင် အလုပ်လုပ်ကိုင်ခွင့်ပြုချက်လက်မှတ်ရယူသည်။**

လိုအပ်သောစာရွက်စာတမ်းများ– ဓါတ်ပုံ၃ပုံ(၅× ၆စင်တီမီတာ)၊ ဆေးစစ်ချက်လက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့်လျှောက်လွှာလက်ခံပုံစံ၊ နိုင်ငံကူးလက်မှတ်၊ ဗီဇာတံဆိပ်ခေါင်းပါနိုင်ငံကူးလက်မှတ်မိတ္တူနှင့် အလုပ်လုပ်ကိုင်ခွင့်ပြုလုပ်ခပေးဆောင်ထားသည့်ပြေစာ

## စာရင်းဇယားများ

**ဇယား ၁– အစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၆ ရက် ဆုံးဖြတ်ချက်အရ Tor Ror 38/1 ရရှိထားပြီး အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိပြီးသော တရားမဝင်ရွှေ့ပြောင်းလုပ်သားစာရင်း (၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်အထိ)**

| နိုင်ငံသား | အလုပ်လုပ်သည့်နေရာ | | စုစုပေါင်း |
|---|---|---|---|
| | ၂၂ ခရိုင်များမှငါးဖမ်းလုပ်ငန်း [၁] | အခြားအလုပ်အကိုင် | |
| ကမ္ဘောဒီးယား | ၄,၆၃၇ | ၄၈,၂၉၉ | ၅၂,၉၃၆ |
| လာအို (ပီဒီအာရ်) | ၁၃၆ | ၃၅,၇၇၃ | ၃၅,၉၀၉ |
| မြန်မာ/ဗမာ | ၂,၀၉၁ | ၉,၇၉၄ | ၁၁,၈၈၅ |
| **စုစုပေါင်း** | **၆,၈၆၄** | **၉၃,၈၆၆** | **၁၀၀,၇၃၀** |

*ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားသားအလုပ်သမားအုပ်ချုပ်ရေးရုံးမှ ရယူထားခြင်း ဖြစ်ပါသည်။*

*ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကိုရွှေ့ပြောင်းလုပ်သား စီမံခန့်ခွဲရေး၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးမှထုတ်ဝေပါသည်။ စုံစမ်းလိုပါကဖုန်း : 02-3439300, fax(ဖက်စ်): 02-3439399, or e-mail: migrantnews@iom.int သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။*

*ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကိုအင်တာနက်တွင်အောက်ပါလိပ်စာအတိုင်း ဖတ်ရှုနိုင်ပါသည်။*

ttp://th.iom.int/index.php/component/remository/facilitating-migration/migration-information-notes/

[၁] ကရတ်ဘီ ၊ ကျန်ထဘူရီ၊ ကျန်ချောင်စောင်၊ ချွန်ဘူရီ ၊ ချွန်မ်ဖော်န်၊ တရာတ်၊ တရန်င်၊ နခေါန်စီထမရာတ် ၊ ပရကျွတ်ဖ်ခိရိခန် ၊ ပတနီ ၊ ဖန်းင်ငါ ၊ ဖေ့တ်ဘူရီ ၊ ဖူကက်တ် ၊ ရနောင်း ၊ ရရောင်း ၊ စမွတ်ပရခန် ၊ စမွတ်စာခေါန် ၊ စမွတ်စုန်ခရန် ၊ စုရာတ်ဌာနီ ၊ စုန်ခလာ ၊ စတွန်